# နိဒါန်း

ယခုကျွန်တော့်အသက် ၈၃ နှစ်ရှိပြီဖြစ်ပါတယ်။ ကျွန်တော် စာအုပ် ၈ အုပ် ရေးသားထုတ်ဝေခဲ့ပါတယ်။ ကျွန်တော့်ရဲ့ပထမဦးဆုံးစာအုပ်ဖြစ်တဲ့ **"ကင်းဝန်မင်းကြီးမြေမြစ် မြန်မာသံအမတ်ကြီး"** (၁၉၉၉ ခုနှစ်) တွင် ကျွန်တော့်ရဲ့ ဘဝဖြစ်စဉ်ကို ၁၉၉၈ ခုနှစ်ထိ ရေးသားမှတ်တမ်းတင်ခဲ့ပါတယ်။ ယင်းနောက် အခြားစာအုပ်များတွင် ကျွန်တော့်ရဲ့တွေ့ကြုံခံစားချက်များ၊ အတွေးအခေါ်များ ကို ရေးသားခဲ့ပါတယ်။ **"လူတိုင်းအတွက် ပိဋကတ်သုံးပုံ"** စာအုပ်ကို အများ နားလည်သဘောပေါက် အောင် စီစဉ်ရေးသားပြီး မေ့ဒါနပြုခဲ့ပါတယ်။

ဤကဲ့သို့ ကျွန်တော်ရေးသားခဲ့တဲ့စာအုပ်များတွင် အကြောင်းကြောင်း ကြောင့် ဖော်ပြရေးသားခဲ့ခြင်းမရှိတဲ့ အကြောင်းအရာများကို ယခု ကျွန်တော် ရေးသားမှတ်တမ်းတင်လိုပါတယ်။ ဤအဖြစ်အပျက် အကြောင်းအရာများဟာ ကျွန်တော့်ဘဝအတွက် အရေးကြီးခဲ့ပါတယ်။ ကျွန်တော့်အတွက် တိုက်ပွဲကြီး များဖြစ်ခဲ့ပါတယ်။ သို့အတွက် **"ကျွန်တော့်ရဲ့တိုက်ပွဲကြီးများ"** ဟု တင်စားထား ခြင်းဖြစ်ပါတယ်။

ကျွန်တော့်ရဲ့ တိုက်ပွဲကြီးများတွင် သေနတ်လက်နက်များ မပါပါ။ သွေးမြေကျ သေကြေပျက်စီးမှုများလည်း မရှိပါ။ သို့ရာတွင် ကြေကွဲ ဝမ်းနည်းမှု များ ပါပါတယ်။ နောင်တရမှုများ၊ ဝမ်းသာဂုဏ်ယူဖွယ်ရာများလည်း ပါပါတယ်။




အနိုင်အရှုံး မရှိပါ။ အားလုံးဟာ နားလည်စာနာ သည်းခံမှု တရား၊ မေတ္တာတရား ဖြင့် ပြီးဆုံးသွားခဲ့ပါတယ်။

ကျွန်တော့်ရဲ့ဘဝဖြစ်စဉ်များကို လှေ့လာကြည့်ပါရင် မြန်မာနိုင်ငံရဲ့ ဖြစ်စဉ်သမိုင်းနဲ့ဆက်စပ်နေတာကို တွေ့ရပါတယ်။ ဒါလည်း သဘာဝကျပါ တယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်က ပြည်ထောင်စုမြန်မာနိုင်ငံသား တစ်ဦးဖြစ်လို့ပါပဲ၊ ဒါကြောင့် ကျွန်တော့်ဘဝဖြစ်စဉ်များနဲ့ ဆက်စပ်နေတဲ့ မြန်မာ့သမိုင်းဖြစ်စဉ်များကိုလည်းတွေ့ရှိနိုင်ခြင်းဖြစ်ပါတယ်။

ဤသို့ မြန်မာ့သမိုင်းဖြစ်စဉ်များနှင့်ဆက်စပ်နေပြီး ကျွန်တော် ကြုံတွေ့ ခံစားခဲ့ရတဲ့ ဘာသာရေး၊ လူမှုရေး၊ နိုင်ငံရေးအတွေ့အကြုံအဖြစ်အပျက်များကို ကျွန်တော် ရိုးရှင်းစွာတင်ပြလိုက်ပါတယ်။

"တကောင်းတိုက်ပွဲကြီး"အခန်းတွင် ကျွန်တော်တက္ကသိုလ်ကျောင်းသား ဘဝက ခံစားခဲ့ရတဲ့အချစ်၊ မြန်မာ-မူစလင်ဆက်ဆံရေးနှင့် အရေးအခင်းများ ကို ဆက်စပ်သုံးသပ်ထားပါတယ်။

"အုတ်တိုက်နီနီတိုက်ပွဲကြီး"အခန်းတွင် ကျွန်တော် ကျောင်းအုပ်ကြီး ဖြစ်လိုတဲ့ဆန္ဒဖြင့် ဖွဲ့ရှိရှိ အရေးဆိုခဲ့တာများနှင့် သည်းခံ၍ လုံ့လရှိရှိဖြင့် ဆောင်ရွက်မှုကြောင့် မြန်မာနိုင်ငံရှိ အထက်တန်းကျောင်းအုပ်ဆရာကြီးများ ထဲတွင် အသက်အငယ်ဆုံး ကျောင်းအုပ်ဆရာကြီးဖြစ်လာပုံကို ရေးသား မှတ်တမ်းတင်ထားပါတယ်။ ၁၉၅၃ ခုနှစ် ဩဂုတ်လတွင် မုံရွာမြို့အမှတ် (၂) အထက်တန်းကျောင်းအုပ်ဆရာကြီးဖြစ်လာချိန်၌ ကျွန်တော့် အသက် ၂၀ နှစ် နှင့်၅လသာရှိပါသေးတယ်။

"ဆူးလေကုန်းတိုက်ပွဲကြီး" အခန်းတွင် ၁၉၅၄ ခုနှစ်၌ ကျောင်းသား သမဂ္ဂရွေးကောက်ပွဲနှင့်ပတ်သက်၍ ကျွန်တော် အထင်မှားခံရပြီး မုံရွာမြို့ ကျောင်း(၃)ကျောင်းမှ ကျောင်းသားပေါင်း(၂၀၀၀)ကျော် တစ်မြို့လုံး လှည့် လည် ဆန္ဒပြပုံ၊ နားလည်သည်းခံခွင့်လွှတ်ခြင်းဖြင့် ကျောင်းသားအရေးအခင်း မဖြစ်ပေါ်ဘဲ အေးငြိမ်းစွာပြီးသွားပုံကို ဖော်ပြထားပါတယ်။ ကျောင်းသား သမဂ္ဂရဲ့အခန်းကဏ္ဍကို အကြံပြုထားပါတယ်။

"မြဟောဝန်တိုက်ပွဲကြီး"အခန်းတွင် ဆရာများအတွက် ပညာ့ရိပ်သာ တည်ဆောက်ရေးရန်ပုံငွေရရှိရန် ထိုက်သူတန်သူ ပြဇာတ်ကတဲ့နေ့၌ ဘုန်းကြီး များနှင့် စစ်သားများ ထိပ်တိုက်ရင်ဆိုင်တွေ့ကြုံပြီး ပြဿနာပေါ်နိုင်မယ့် အရေး အခင်းကို နားလည်ခွင့်လွှတ်ခြင်းဖြင့် ဖြေရှင်းသွားပုံကို ဖော်ပြထားပါတယ်။ ဤသို့ ထိပ်တိုက်မှုမဖြစ်ပွားရန် ဆောင်ရန် ရှောင်ရန်တို့ကို တင်ပြထားပါတယ်။

"ဝိဇယနှင့်တိုက်ပွဲကြီး"အခန်းတွင်၁၉၅၈နတ်တော်လစာဆိုတော်နေ့ ဂုဏ်ပြုပွဲပြဇာတ်၌ ကြုံတွေ့ရတဲ့အဖြစ်အပျက်များကို ပြန်လည်အောက်မေ့ ထားပါတယ်။မြန်မာတို့ရဲ့တွဲတတ် ခွဲတတ်တဲ့စရိုက်ကို ဝေဖန်ထားပါတယ်။

"ယဉ်ကျေးမှုတော်လှန်ရေးတိုက်ပွဲကြီး"အခန်းတွင် ၁၉၆၇ ခုနှစ်၌ တရုတ်နိုင်ငံတွင်ဖြစ်ပွားတဲ့ယဉ်ကျေးမှုတော်လှန်ရေးဂယက်ရိုက်ခတ်မှုကြောင့် ရန်ကုန်မြို့၌ တရုတ်ဆန့်ကျင်ရေးဆန္ဒပြပွဲများဖြစ်ပေါ်လာပုံနှင့် ပိတ်ထားတဲ့ ကျောင်းများမှ ကျောင်းသူကျောင်းသားများအား ပြန်လည်နေရာချထားပုံကို စိတ်ဝင်စားဖွယ်ရာ ပြန်လည်ပြောကြားထားပါတယ်။ တရုတ်-မြန်မာဆက်ဆံ ရေးကို သုံးသပ်ထားပါတယ်။

"ရာလာလန်းမလာတိုက်ပွဲကြီး"အခန်းတွင် မြန်မာနိုင်ငံသမိုင်း၌ မကြုံ ဖူးသော လူထုအုံကြွမှုကြီးဖြစ်ပေါ်နေစဉ် ဩစတြေးလျနိုင်ငံ ကင်ဘာရာမြို့ရှိ မြန်မာသံရုံးကြီးတွင် သံရုံးဝန်ထမ်းများ၏လှုပ်ရှားမှုနှင့် မိမိအနေဖြင့် သမ္မတကြီး ဒေါက်တာမောင်မောင်၊ ဦးနု၊ ဗိုလ်ချုပ်ကြီးတင်ဦး၊ ဗိုလ်မှူးချုပ် အောင်ကြီး၊ ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးမင်းကိုနိုင်တို့ထံ နိုင်ငံအတွက် ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံစာ ရေးသားပေးပို့ ခဲ့လို့ အငြိမ်းစားသံအမတ်ကြီးဖြစ်သွားရတဲ့ သမိုင်းကြောင်းပြန်ထားပါတယ်။

"ကုလားဖြူ ကုလားမဲများနှင့် တိုက်ပွဲကြီး" အခန်းတွင် မြန်မာနိုင်ငံ သို့လာရောက်၍ တိုင်းပြည်တိုးတက်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးတယ် ဆိုတဲ့ ယူအန်အဖွဲ့အစည်းများ၊ အင်တာနေရှင်နယ် အန်ဂျီအိုများ၏ဆောင်ရွက် ချက်များကို သုံးသပ်ဝေဖန်ထားပါတယ်။ ရင်ထဲမှ မေတ္တာ၊ ကရုဏာ၊ စေတနာ




မပါဘဲ တချို့က သူတို့အကျိုးကျေးဇူးကို ဦးစားပေးနေပုံများကို ဖော်ပြထား ပါတယ်။

"ကလေးများကယ်ဆယ်ရေးတိုက်ပွဲကြီး" အခန်းတွင် ခေတ်အဆက် ဆက်ပညာရေးပြုပြင်ပြောင်းလဲမှုကြောင့်ကျောင်းသားကလေးသူငယ်များ များစွာ နစ်နာပုံနှင့် ၎င်းတို့ဘဝရေ့ရေး များစွာထိခိုက်ပုံများကို ဖော်ပြပြီး အမျိုးသား ပညာရေးဥပဒေနှင့်ပတ်သက်၍အကြံပြုတင်ပြထားပါတယ်။

"နောက်ဆုံးတိုက်ပွဲကြီးအတွက်ပြင်ဆင်ခြင်း" အခန်းတွင် လူတိုင်း ကြုံတွေ့ရမည့် သေခြင်းတရားကို ရဲရဲရင့်ရင့် ရင်ဆိုင်သွားရန်အတွက် ကျင့်ကြံ ပြင်ဆင်ထားပုံကိုစိတ်ဝင်စားဖွယ်ရာတင်ပြထားပါတယ်။

ဤကဲ့သို့ ကျွန်တော်၏အတွေ့အကြုံများ၊ ဖြစ်စဉ်များကို ရေးသား တင်ပြရာတွင် နိုင်ငံ၏ဖြစ်စဉ်များနှင့် ဆက်စပ်တွေးခေါ် ရှုမြင်ထားပါတယ်။ တွေ့ကြုံခဲ့ရတဲ့ သင်ခန်းစာများအရ နောင်တွင် ကျင့်ကြံဆောင်ရွက်သင့်တာ တွေကို အကြံပြုတင်ပြထားပါတယ်။ ကျွန်တော်ဆိုလိုတာများကို စာဖတ်သူ မိတ်ဆွေ စာကြောင်းများကြားတွင် ရှာဖွေတွေ့ရှိပြီး ကောက်ချက်ချနိုင်လိမ့် မယ်လို့ ယုံကြည်မိပါတယ်။ လိုအပ်ရင်လည်း ဖြည့်စွက်ဖတ်ကြပါရန် မေတ္တာ ရပ်ခံပါတယ်။